# ဒဂုန်တာရာ၏ ပြည်ထောင်စုမူ

(သို့မဟုတ်)

အောက်ချင်းငှက်တေးသံ

ဒဂုန်တာရာ

# ပြည်ထောင်စုမူ
သို့မဟုတ်
# အောက်ချင်းငှက်တေးသံ

### ဒဂုန်တာရာ

(က)

တမနက် ချင်းကျောင်းသားများ ကျွန်တော့်ထံလာကြသည်။ တက္ကသိုလ်ကျောင်းသားများဖြစ်ကြောင်း သိရသည်။ သူတို့ ချင်းမဂ္ဂဇင်းအတွက် ဖြစ်သည်။ သူတို့နှင့်အတူ ယခင်နှစ်က ထုတ်ဝေခဲ့သော ချင်းမဂ္ဂဇင်းအဟောင်းများ ပါလာ၍ ကျွန်တော်ဖတ်ရန် လက်ဆောင်ပေးသည်။

ကျွန်တော်သည် မဂ္ဂဇင်းများကို လှန်လှောကြည့်မိသည်။ မဂ္ဂဇင်းတခုလုံး၏ အဖုံးတွင် နံရံကပ်ကျောက်စီပန်းချီဟန်ဖြင့် အောက်ချင်းငှက်ပုံ ဖော်ထားသည်ကိုတွေ့ရသည်။

"ဒါ ကျွန်တော်တို့ရဲ့ သင်္ကေတပါ" ဟုကျောင်းသားတယောက်က ရှင်းပြသည်။ လူမျိုးအသီးသီးတွင် အမျိုးသားသင်္ကေတများ ရှိတတ်ကြသည်။ သတိရမိသည်။ အင်္ဂလိပ်လူမျိုးက ခြင်္သေ့၊ ရုရှားလူမျိုးက လင်းယုန်၊ လောလူမျိုးက ဆင်၊ မြန်မာလူမျိုးက ဒေါင်း၊ မွန်လူမျိုးက ဟင်္သာ၊ ရှမ်းလူမျိုးက ကျား စသည်ဖြင့် လူမျိုးအသီးသီးတွင် အမျိုးသားအမှတ်အသားများ ရှိကြသည်။

ချင်းအမျိုးသားများကလည်း အောက်ချင်းငှက်ကို သူတို့၏ အမျိုးသား အမှတ်အသားအဖြစ် သဘောထားသည်ကို တွေ့ရသည်။ လွတ်လပ်သော လူမျိုးများ နိုင်ငံတော်ဖွဲ့စည်းတည်ထောင်ကြသောအခါ မိမိတို့၏ အမျိုးသား နိုင်ငံတော်တံဆိပ်များ ရွေးသောအခါ အမျိုးသားအမှတ်အသားရုပ်ပုံများကို ထည့်သွင်းတတ်ကြသည်။ အမျိုးသားနိုင်ငံတော် တခုတွင် အမျိုးသားအလံ၊ အမျိုးသားတံဆိပ် စသည်တို့ရှိစမြဲ ဖြစ်ပေသည်။

ကျွန်တော်က သူတို့အား ချင်းလူမျိုးများအကြောင်း မေးမြန်းယင်း မျက်နှာဖုံးမှ အောက်ချင်းငှက်ကလေးကို ကြည့်လိုက်သည်။ သူတို့စာပေနှင့်၊ ယဉ်ကျေးမှုအကြောင်းများ ပြောယင်းက ချင်းပြည်အကြောင်းရောက်ကာ ပြည်ထောင်စု၏ အဓိပ္ပာယ်အကြောင်းပြောဖြစ်ကြသည်။ ကျွန်တော်က ကျွန်တော်နားလည်သိရှိသော ပြည်ထောင်စုသဘောတရားအကြောင်းကို ပြောပြမိသည်။

(ခ)

ပြည်ထောင်စုဆိုသည်မှာ ပြည်ထောင်များ ညီညွတ်စည်းလုံးစွာ စုစည်းထားခြင်းဟု အဓိပ္ပါယ်ရသည်။ အင်္ဂလိပ်ဘာသာဖြင့်က"Union" ၊ ပြည်ထောင် ဆိုသည်မှာ တိုင်းပြည်သို့မဟုတ် ပြည် စသည်ဖြင့် ယေဘုယျအားဖြင့် ခေါ်ဝေါ်သုံးနှုန်းကြသည်။ အခေါ်အဝေါ်အသုံးအနှုန်း ဆိုသည်မှာ အချိန်အခါ အခြေအနေအရ ခေါ်ဝေါ်သုံးနှုန်းကြခြင်း ဖြစ်သည်။ အရေးကြီးသည်မှာ အဓိပ္ပါယ်ဝေါဟာရ စကားလုံး၏အဓိပ္ပာယ်၊ အဓိပ္ပါယ်က ဖော်ပြထားသည့်အတိုင်း လက်တွေ့ကျင့်သုံးရမည် ဖြစ်သည်။ ယင်းသို့ လက်တွေ့ ကျင့်သုံးမှသာလျှင် အဓိပ္ပါယ်ရှိသည်ဟု ဆိုနိုင်ပေသည်။

ယင်းသို့ ပြည်ထောင်၊ တိုင်းပြည်၊ ပြည် ဟူသောစကားလုံးများမှာ အရပ်သုံး ယေဘုယျ အသုံးဖြစ်သည်။ အတိအကျ အဓိပ္ပာယ်သတ်မှတ်ထားခြင်း မရှိပေ။ လွတ်လပ်သော ပြည်လား၊ မလွတ်လပ်သေးသော ပြည်လား၊ ကွဲပြားခြင်း မရှိပေ။ အဓိပ္ပါယ်ဖော်ပြမှု ရှင်းလင်းပြတ်သားခြင်း မရှိဟုဆိုနိုင်သည်။ နိုင်ငံရေးသိပ္ပံပညာ ထွန်းကားလာသောခေတ်ရောက်သောအခါ နိုင်ငံရေးအတွေ့အကြုံများ ရင့်သန်လာသောအခါ နိုင်ငံတော်ဟု ခေါ်ဝေါ်သုံးနှုန်းလာကြသည်။ အင်္ဂလိပ်ဘာသာ "State" ဟူသော ဝေါဟာရအဓိပ္ပာယ်ယူထားခြင်းဖြစ်သည်။ နိုင်ငံတော်ဟူသည်မှာ လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်မှုရှိသော နိုင်ငံဟု အဓိပ္ပာယ်ရသည်။ လွတ်လပ်သော လူမျိုးဟူသည် နိုင်ငံတော် ရှိရပေမည်။

မူလက နိုင်ငံတော်သည် ပြည်သူလူအများ၏ ကောင်းကျိုးချမ်းသာရေး၊ အေးချမ်းသာယာရေးအတွက် ပေါ်လာရခြင်းဖြစ်သည်။ ထိုနောက် စီးပွားရေးစနစ်များအရ နိုင်ငံတော်၏ သဘာဝပြောင်းလဲသွားသည်။ မြေရှင်ပဒေသရာဇ်နိုင်ငံတော်၊ ဓနရှင်နိုင်ငံတော် စသည်တို့ ဖြစ်ပေါ်လာခဲ့ကြသည်။ ထိုအခါ မြေရှင်ပဒေသရာဇ်လူတန်းစား၊ အရင်းရှင်လူတန်းစား စသည်တို့က နိုင်ငံတော်အာဏာရရှိကာ ပြည်သူများကို စိုးမိုးချယ်လှယ်နိုင်သည်။ ဆိုရှယ်လစ်နိုင်ငံတော်တွင်ကား အလုပ်သမား၊ လယ်သမားစသော ပြည်သူလူအများက နိုင်ငံတော်အာဏာ (ဝါ ) နိုင်ငံရေးအာဏာ ရရှိသည်ဖြစ်၍ ပြည်သူလူအများကို ဖိနှိပ်ချုပ်ချယ်စရာ အကြောင်းမရှိတော့ပေ။ ပြည်သူများက ရွေးချယ်တင်မြှောက်သော နိုင်ငံတော် အဖွဲ့အစည်းကို သမ္မတနိုင်ငံတော်ဟု ခေါ်ကြသည်။ ပြည်သူများက မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များ အုပ်ချုပ်သော နိုင်ငံတော်သည် သမ္မတနိုင်ငံတော်ဖြစ်သည်။ ယင်းတို့သည်ကား နိုင်ငံတော်သဘောတရားဖြစ်သည်။

ပြည်ထောင်စုဆိုသည်မှာ ပြည်ထောင် (အမျိုးသားနိုင်ငံတော်) များ ညီညွတ်စည်းလုံးစွာ ကြီးငယ်မဟူ တန်းတူအခြေခံဖြင့် ဖွဲ့စည်းထားသော စုပေါင်းနိုင်ငံတော်စနစ်ဖြစ်

သည်။ ယင်းသို့ ကျွန်တော်နားလည်ထားသည်။ နိုင်ငံရေးပညာရပ်ဆိုင်ရာ စာအုပ်များ ဖတ်ကာ ယင်းသို့ နားလည်ထားခြင်း ဖြစ်သည်။

(၈)

ကျွန်တော်သည် လွန်ခဲ့သော အနှစ် (၃၀) ခန့်က ဆိုဗီယက်ပြည်ထောင်စုသို့ အလည်ရောက်သွားခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု ဟူသည်မှာ အတိုကောက်ခေါ်သော အမည်ဖြစ်ပါသည်။ နာမည်အပြည့်အစုံမှာ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်များ၏ ပြည်ထောင်စု ဟူ၍ဖြစ်သည်။

ကျွန်တော် ဆိုဗီယက်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်သည့်အချိန်မှာ ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေးကြေညာပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဟူ၍ဖြစ်ထွန်းပြီးစ (၅)နှစ်အကြာ ဖြစ်သည်။ ဆိုရှယ်လစ် ပြည်ထောင်စုနိုင်ငံဖြစ်၍ စိတ်ဝင်စားမိသည်။ ကျွန်တော်တို့ငယ်စဉ် ကျောင်းသားဘဝ အသက် (၁၈)နှစ်ခန့်ကတည်းက ဆိုရှယ်လစ်ဝါဒ သဘောတရား စာအုပ်များကို ဖတ်ရှုလေ့လာခဲ့သည် မဟုတ်ပါလား။

ကျွန်တော်သည် ဆိုဗီယက်မသွားခင်က သူတို့၏ အခြေခံဖွဲ့စည်းပုံ ဥပဒေစာအုပ်ကို ဖတ်သည်။ လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဟူသော ဆိုရှယ်လစ်သဘောတရားကို ဆိုရှယ်လစ် ပြည်ထောင်စုနိုင်ငံတော်စနစ်ဖြင့် ရုပ်လုံးဖော်ခြင်းတရပ်ဟု စဉ်းစားမိသည်။ ယင်းသို့ နားလည်လိုက်သည်။

မော်စကိုရောက်သောအခါ အိမ်ရှင်များက မည်သည့်နေရာများသို့ လည်ပတ်လိုသလဲဟု မေးကြသည်။ ကျွန်တော်က ဆိုဗီယက်ပြည်ထောင်စုထဲတွင် လူဦးရေအများဆုံး (ရုရှားမှလွဲ၍) နှင့် အနည်းဆုံးသောပြည်သို့ ကြည့်ရှုလိုကြောင်း ပြောလိုက်သည်။ ကျွန်တော်က ယူကရိန်းနှင့် ဂျော်ဂျီယာကို ရွေးသည်။ အမည်အပြည့်အစုံများမှာ ယူကရိန်း ဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံတော်နှင့် ဂျော်ဂျီယာဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံတော်။

ယူကရိန်းမှာ လူဦးရေ (၄၇) သန်းရှိ၍၊ ဂျော်ဂျီယာမှာ ၁ သန်းခွဲရှိသည်။ ယူကရိန်းသည် ကုလသမဂ္ဂတွင် နိုင်ငံတနိုင်ငံအဖြစ်ပါထားသည်။ ယင်း ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံများတွင် သူ့ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်သူ အသီးသီးရှိကြသည်။ ယင်း အခြေခံဥပဒေအရ လွှတ်တော်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးအဖွဲ့၊ တပ်မတော်၊ အမျိုးသားတံဆိပ်၊ နိုင်ငံတော်အလံ စသည်ဖြင့် နိုင်ငံတော် အဆောင်အယောင်အားလုံး အသီးသီးရှိကြရသည်။ ရုံးသုံးဘာသာစကားမှာလည်း မိမိတို့ဘာသာစကားဖြင့် မိမိတို့ရှိကြရသည်။ အခြေခံဥပဒေတွင်ဖော်ပြထားသည်ကို ဖတ်ရသည်။ စာအုပ်ပါအတိုင်း မည်မျှကျင့်သုံးသည်ကိုကား

ကျွန်တော်လည်ပတ်သော ရက်ပေါင်း (၄၀) ခန့်နှင့် အတိအကျသိရန် လွယ်မည်မထင်ပါ။ သို့သော် ကျွန်တော်သည် တတ်နိုင်သမျှ အကဲခတ်ခဲ့ပါသည်။

ထိုအခါ ကျွန်တော်သည် ကိုယ်စားလှယ်အဖွဲ့၏ ကိုယ်စား အခါအားလျော်စွာ အရက်ဖန်ခွက် ဆုတောင်းစကား၊ စင်မြင့်စကားများ ပြောကြားရသည်။ ယူကရိန်းရောက်သောအခါ စကားပြန် (၂) ဆင့်ဖြင့် ပြောရသည်။ အိမ်ရှင်က ယူကရိန်းဘာသာဖြင့် ပြောသည်။ ယူကရိန်းစကားပြန်က ရုရှားလိုပြန်သည်။ ကျွန်တော်နှင့် အတူပါလာသော ရုရှားစကားပြန်က ကျွန်တော်တို့အား အင်္ဂလိပ်ဘာသာသို့ ပြန်ပေးသည်။ မိမိတို့ အမျိုးသားဘာသာစကားကို သုံးသည့်သဘော။ ကျွန်တော်က မိမိပြောရမည့်စကားကို မြန်မာလိုရေးသားထားပြီး အပိုဒ်လိုက် အင်္ဂလိပ်လို ပြန်ပေးထားသည်။ ကျွန်တော်က မြန်မာလိုပြောပြီး စကားပြန်က ရုရှားဘာသာသို့ ပြန်သည်။ ပြည်ထောင်စုဝင် နိုင်ငံတော်များ အတွင်းတွင် စကားမတူသော လူမျိုးနွယ်စု အများအပြား ရှိနေပြန်သည်။ ယင်းမျိုးနွယ်စုများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူ ကျင့်သုံးရပြန်သည်။ ယင်း လူမျိုးနွယ်စု အနေအထားများအလိုက် ကိုယ်ပိုင်အုပ်ချုပ်ရေး အမျိုးသားဒေသများ ဖွဲ့စည်းပေးရသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး သမ္မတနိုင်ငံတော်များလည်း ရှိကြသည်။

ယင်းသို့သည်ကား ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းမှု ပုံသဏ္ဌာန်များဖြစ်သည်။ လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူကို အခြေခံ၍ မိမိအမျိုးသားအနေအထားကို လိုက်၍ တီထွင် ဖွဲ့စည်းနိုင်ခွင့်ရှိသည်ဟု ယူဆသည်။ ဆိုဗီယက်ပုံစံအတိုင်း လိုက်စရာမလိုဟု ယူဆသည်။ ဆိုရှယ်လစ်ပြည်ထောင်စု ဖွဲ့စည်းမှုပုံသဏ္ဌာန်တခုကို ဖော်ပြခြင်းမျှသာ ဖြစ်သည်။ လူမျိုးအသီးသီးတွင် မိမိတို့၏ဘာသာစကား၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နေထိုင်ရာဒေသအလိုက် မိမိတို့နှင့် အကျိုးစီးပွားကိုက်ညီသော နိုင်ငံတော် ပုံသဏ္ဌာန်ကို ဖန်တီးကြရမည်သာဖြစ်သည်။

(ဃ)

ကျွန်တော် ချင်းတောင်ကို မရောက်ဘူးပါ။ သို့သော် တောင်ခိုးများ ဝေမှိုင်းသော၊ တောင်ဇလပ်ပန်းများ ဆင်သသော၊ စိမ်းသော၊ ပြာညို့သောပြည် ဖြစ်မည်ထင်ပါသည်။ တောတောင်ထူထပ်မြင့်မားသဖြင့် လူမျိုးနွယ်စုများဖြင့် ရောယှက်နေပါလိမ့်မည်။

ချင်းကျောင်းသားများ လာသောအခါ အောက်ချင်းငှက်များအကြောင်း မေးကြည့်သည်။ အောက်ချင်းငှက်သည် သစ္စာရှိခြင်း၊ ညီညွတ်စည်းလုံးခြင်း၊ အေးချမ်းခြင်း တေးသံကို သီဆိုကျူးရင့် ပါစေသတည်း။

**(ဒဂုန်တာရာ)**